www.burmeseclassic.com

# အမေ့သား

မင်းကျော်

[ ၁ ]

အမေသည် ငိုနေ၏။

တစ်ယောက်တည်းသောသားအတွက် တသသ ဖြစ်ကာ ငိုနေရသော အမေပင်...

အမေ မတွေးဝံ့ခဲ့သော အဖြစ်အပျက်၊ အမေ မမျှော်လင့်ခဲ့သော အကြုံအတွေ့တို့ကို အမေ ကြုံတွေ့ ရပါပြီ၊ ဖြစ်ပျက်ရပါပြီ။

အမေသည် တစ်ခါတစ်ခါ ရှိုက်၍ရှိုက်၍ ငို၏။ တစ်ခါတစ်ခါတော့လည်း အသည်းမှပင်ငို၍ အသည်းမှပင် မျက်ရည်ကျနေသည်။ သို့နှင့်ပင် အမေ၏ဘဝကို ဆုံးပါးရတော့မည်။ အမေက အမေ့လောကမှ ရှဲဖယ်သွားသော သားအတွက် တသသ ငိုနေရသည်။ အမှန်တော့လည်း တစ်ဦးတည်းသော အမေကို ရှဲဖယ်သွားသော သားငယ်ပါ။ သားက ရက်စက်ရက်သလောက် အမေကတော့သားကို ခွင့်လွှတ်ပါသည်။ သား၏ မိုက်မဲခြင်းကိုလည်း အပြစ်မဆိုပါ။ သားကို မိုက်မဲခြင်းက လွှမ်းမိုးသွား၍သာ ကြေကွဲဖွယ် ငိုကြွေးနေရှာပါသည်။

တစ်ခါတုန်းက အမေ၏သားဆိုသောသားကအမေ့ကို ရက်စက်စွာ ပစ်သွားချေသည်။ ထို့ကြောင့် အမေက ငိုရသည်။ သည့်ထက်ပို၍ အမေ မတတ်နိုင်ပါ။

အမေ၏ မျက်လုံးအိမ်မှ မျက်ရည်တို့သည်လည်းကောင်း၊ နှလုံးအိမ်မှသွေးမျက်ရည်တို့သည်လည်းကောင်း၊ သား၏ဘဝကို အမေ၏သားဘဝသို့ပြန်ရောက်ရှိရန် ကြိုးပမ်းရင်း ကုန်ဆုံး၍သာ သွားချေမည်။ သားကတော့ ဘာဆိုဘာမျှ မသိတော့။ အမေ၏ငိုခြင်းနှင့် မျက်ရည်ကို သားက အမှတ်မထား။ သား၏ရက်စက်ခြင်းဟု ဆိုမည်လော။ အမေကမူ ဤသို့မဆိုရက်ပါ။ တကယ်တော့လည်း တစ်ခါတုန်းက အမေ အားအထားခဲ့ဆုံး အမျှော်ကိုးခဲ့ဆုံးဖြစ်သည့်သား၊ အမေ၏ အချစ်ဆုံးသောသား၊ ဟိုတစ်ခါတုန်းကမူ သားကလည်း အမေ့နည်းတူသာ ဖြစ်ခဲ့၏။ သို့သော် ယခုကာလ၌မူ အမေ၏မျက်ရည်တို့ကသာ သမုဒ္ဒရာ ရေအယဉ်ကို လျှံတက်စေကောင်း တက်စေပေဦးမည်။ သားကတော့မူ အမေမျှော်လင့်သလို ပြန်လည်ဖြစ်ပေါ်လာတော့မည် မဟုတ်။ သို့သော် အမေ မမျှော်လင့်သလို ဖြစ်ပေါ်လာလျှင် လာပေမည်။ ဒါကိုလည်း အမေက အလိုမရှိ။ အမေက သူ့သားကို သူ့သားသာဖြစ်စေချင်သည်။ သူဖြစ်စေချင်သလိုသာ သူသားဘဝကို ဖြစ်စေချင်၏။ သို့သော်... အမေ မတတ်နိုင်ပါ။ နောက်ဆုံးတော့ အမေမှာ ရှိုက်ကြီးတငင် ငိုနေရပြီ။

[ ၂ ]

အမေ့မျက်နှာမှာရွှင်ပျလှ၏။ အဖေ့မျက်နှာမှာလည်း ပြုံးပြုံးကြီးနှင့် မော်သယောင် ကြွားသယောင် ပျော်၍မဆုံး တပြုံးပြုံးနှင့်သော အဖေနှင့်အမေ။ ဟုတ်ပေသည်။ 'သားတို့ရပ်ရည် သိတာမည်သား ရေကြည်ချမ်းမြ တစ်ပေါက်ကျက မိဘတို့ဝမ်း ငြိမ်းစတမ်းတည့်' ဟု ဆိုရိုးရှိသည် မဟုတ်ပါလော၊ အမေ အဖေနှင့်သား။ သားဦးရစ အဖေနှင့်အမေ၏ ဘဝပါ။

www.burmeseclassic.com

www.burmeseclassic.com



"သားက ပြုံးပြတယ်"

ဒါကိုပဲ အဖေနှင့်အမေက တင်စားကြသည်။

"သားက စကားပြောချင်လို့ကွဲ့"

ဤသို့ အဖေက သူ့သားဘက်မှ ပြော၏။ "သား... နို့ဆာပြီ ထင်ပါရဲ့..."ဟု အမေက ကြောင့်ကြတတ်၏။ "ဟဲ့...သားလေး အအေးမိပါမယ်ကွယ်..." သို့ကလိုလည်း အဖေက အမေကိုကြိမ်း၏။ "ကလေး ရှိသေးတယ်တော့၊ ဒီစာအုပ်ကြီးတွေ ဘယ်ကလာ ဖတ်တတ်မှာလဲ၊ မဟုတ်တရုတ် လုပ်ကရော့မယ်"

အဖေက သူ ဖတ်သည့် စာအုပ်ထူထူကြီးတွေကို စကားသော်မှ မပြောတတ်သေးသော သားကို အဖတ်ခိုင်းနေသော ကာလများ၌ အမေက ဤသို့ ပြောတက်သည်။

"ဖေဖေ့ သားကွ"

"မေမေ့ သားလေးလေ့"

BURMESE CLASSIC .com

ဤသို့ ဖေဖေနှင့်မေမေက သားကလေးကို ပုဂ္ဂလိက အဖြစ် တင်စားကြသည်။ သူ့သားငါ့သား ငြင်းကြသည်။ သို့နှင့် ရန်ခဏခဏဖြစ်သည်။ သို့သော် သားအတွက် ကျီစယ်သမှုများမို့ ခဏမျှသာ ဖြစ်ပါသည်။

သားမှာ ငယ်လှပါသေးသည်။ ငုတ်တုတ်ပင် မထိုင်နိုင်သေး။ အဖေကတော့ ကျောင်းဆရာတစ်ယောက်ပီပီ သားပညာသင်ရေးကိုသာ စတင်စဉ်းစားပါတော့သည်။ သားကို ငယ်ငယ်ရွယ်ရွယ်နှင့် ၁၀ တန်းအောင်အောင်သင်မယ်၊ တက္ကသိုလ်ပို့မယ်၊ ငွေကြေးတွေအကုန်ခံမယ်၊ အလုပ်ကို သားအတွက်ကြိုးစားလုပ်မယ်၊ 'တို့တုန်းက မနေခဲ့ရတဲ့ တက္ကသိုလ်မှာ ပညာကုန်အောင်ကို သင်ရစေမယ်'ဟုများပင် အဖေက ကြုံးဝါး လိုက်သေးသည်။ အမေကလည်း ဝင်လာတတ်ပါသည်။ သူ့သားကို အိမ်မှာပင် အဖေကိုယ်တိုင်က ကျောင်းမပို့ခင် စာတွေအများကြီး တတ်အောင် သင်ပေးရမည်။ ဤသို့ဤသို့ သားဦး၏ရှေ့ရေးကို စဉ်းစားကြပေပြီ။

အမေက သားကိုမွေးဖွားပြီးစ တစ်ပတ်နှစ်ပတ်က ဆိုလျှင် အဖေမှာ ကျောင်းမှ ခွင့်ယူ၍ သားအတွက် အူမြူးခဲ့သည်။ ငယ်ငယ်ရွယ်ရွယ်သားကိုပင် အဖေက ဇွတ်ရော အဓမ္မရော အမေ့လက်မှဆွဲ၍ ချီတတ်သည်။ အမေကလည်း သားကို ဖေဖေကြာကြာချီနေသည်ကိုပင် သဝန်တိုတတ်သယောင်။

သို့နှင့်သို့နှင့် အူမြူးကြသော အမေနှင့်အဖေ။ သားဦးမို့ ရူးသည်ဆိုလေမလား။ သားနှင့်ပင် အဖေနှင့် အမေမှာ ပျော်ကြသည်။ သားက အဖေကို ပြုံးပြသည်၊ အမေကိုလည်း ရယ်ရွှင်ကြည်လင်သော မျက်လုံးကလေးများနှင့် ကြည့်တတ်သည်။ အမေ၊ အဖေနှင့်သား အသာယာဆုံးနှင့် အပျော်ရွှင်ဆုံး အိမ်ထောင်ဟုပင် ဆိုကြပါစို့။

[ ၃ ]

လူ့ဘဝကား ငိုတစ်ခါ ရယ်တစ်လှည့်ဖြင့်သာ ကုန်ဆုံးရသည်မှာ ဓမ္မတာ။

ဓမ္မတာကို လွန်ဆန်နိုင်ရန်မှာလည်း မဖြစ်နိုင်။ အပြုံးဖြင့်သာ တည်ဆောက်ခဲ့သော ဖေဖေ၊ မေမေနှင့် သားတို့၏ အိမ်ထောင်စုအဖို့ ကြမ္မာဆိုးဝင်၍ လာချေပြီ။ မည်သို့ပင်ဖြစ်စေ ဓမ္မတာပေမို့ ဟုသာယူဆရတော့သည်။ ပြုံးနေသော ဖေဖေလည်း ငိုရပါပြီ၊ ကြည်ရွှင်သော မေမေလည်း ညှိုးနွမ်းရပါပြီ၊ သားကတော့ ဖေဖေနှင့် မေမေတို့ကဲ့သို့ မသိရှာသေး။ ဟုတ်ပေသည်။ ဖေဖေ့အဖို့တော့ ကံဆိုးလှချေသည်ဟုသာ ဆိုရမည်။ ဖေဖေအဖို့ ပြုံးရွှင်ခြင်းတို့မှာလည်း အိပ်မက်တို့သာ ဖြစ်ရတော့၏။ ဖေဖေချစ်သော သား၊ ဖေဖေချစ်သော မယား၊ ဒါတွေကို ဖေဖေ စွန့်ပစ်သွားရတော့မည်။ ဖေဖေ့သားနှင့်မယား ဖေဖေ အားရအောင်ပင် မချစ်ရသေး၊ ဖေဖေ့အဖို့တော့ ကံဆိုးလှသည်ဟုပင် ဆိုရချေတော့မည်။

အိပ်ရာထဲမှ အဖေက အမေ့ကိုတစ်လှည့် အမေ့လက်ထဲမှ သားကိုတစ်လှည့်ကြည့်နေသည်။ သူ့မျက်နှာမှာ ညှိုးနေသည်။ မျက်ရည်တွေလည်း ဝေနေသည်။ မေမေက သည်အဖြစ်ကို ကြည့်ရသည့်အတွက် ဟစ်၍များပင် ငိုလိုက်ချင်သည်။ ဒါပေမဲ့ ဖေဖေ့ကိုလည်း ငဲ့ရသေးသည်။ သားကတော့ တွေတွေကြီးသာ ကြည့်နေရှာသည်။ ဘာမျှ နားလည်သည်တော့မဟုတ်။

"သား... လူလေး... လိမ္မာပါကွယ်နော်... သား... အမေ့ကို စိတ်ညစ်အောင်မလုပ်နဲ့...။ မင်းအမေကို ချစ်ပါကွယ်..."

ဖေဖေစကားစ ပြတ်သွားသည်။ မျက်ရည် ဥတ် ပေါက်ကျလာသည်။ ရင်တွင်းမှ တက်လာသော အဆို့လုံးက ဖေဖေ့စကားစကို ဖြတ်လိုက်သည်။ မေမေက မသိ

www.burmeseclassic.com

www.burmeseclassic.com



မသာ တစ်ချက်ရှိုက်လိုက်သည်။ ကျလာသော မျက်ရည်ကို ဖေဖေမသိအောင် အင်္ကျီလက်မောင်းနှင့် သုတ်လိုက်သည်။

"မောင်... စကားမပြောနဲ့လေ..."

မေမေက ဖေဖေကို စကားမပြောဖို့ တားပါသေးသည်။ ဖေဖေမှာသွေးအားကလည်းနည်းနေသည်။ စကားများများပြောလျှင် မောတော့မည်။ ဖေဖေအဖို့ ခံစားမှုကလည်း တကယ်ကြုံတွေ့နေရသည်။ ဒါတွေကိုတော့ မေမေမကြည့်ရက်။ သို့ကြောင့် ဖေဖေကို တားပါသေးသည်။ ဒါပေမဲ့ အချည်းနှီး။ ဖေဖေက သူ့သားကိုသာ စကားဆက်ပြောဖို့ ကြိုးစားသည်။ ဖေဖေအဖို့ သည်အချိန်မှသာ နောက်ဆုံးစကား ပြောရတော့မည်။ ဒါကို အဖေက သိသည်၊ မေမေကတော့ ရိပ်မိရုံသာ၊ သားကတော့ ဘာမျှမသိ။

"သား... အမေ့ကိုပစ်မထားနဲ့နော်... မင်းမေမေကို ငါ့သား စောင့်ရှောက်ပါ"

ဖေဖေ၏ စကားလုံးတို့သည် လည်ချောင်းတွင် နစ်မြုပ်၍ သွားကြပြန်တော့သည်။ မေမေကမိန်းမသား၊ ဖေဖေ့လောင်းရိပ်အောက်ဝယ် ဖေဖေ့လုပ်စာနှင့် နေခဲ့သည်။ သားက ဥမမယ် စာမမြောက်၊ ဒီနှစ်ယောက်ကို လူ့ဘောင်တွင် ဖေဖေထားပစ်ခဲ့ရမည်။ သားကို ဖေဖေက ဖေဖေချစ်သော မယားအား စောင့်ရှောက်စေချင်ပါသည်။ သို့သော် မဖြစ်နိုင်။ ဖေဖေ၏ချစ်သော သားနှင့်မယား သစ်ပင်ခိုနားစရာကင်းမဲ့သော သမုဒ္ဒရာ၏ ကောင်းကင်ပြင်၌ ပျံနေရမည့် ငှက်နှစ်ကောင်သို့သာ ဖြစ်တော့မည်။ ဖေဖေကသားကို ပြောချင်တာတွေ ပြောနေသည်။ ပြောပါစေဦးတော့၊ သားက ဘာမျှနားမလည်။

ဖေဖေမှာ သူ့စကားတွေကို အဆုံးမပြောနိုင်ဘဲ မျက်ရည်တွေသာ တတွေတွေစီးနေသည်။ သည့်ထက်ကော ဖေဖေက ဘာတတ်နိုင်ဦးမှာလဲ။ မေမေကလည်း သားကို ရင်ခွင်မှာပိုက်ရင်း ဖေဖေ မသိအောင် တစ်ဖက်သို့ လှည့်၍ တရှုပ်ရှုပ်ငိုနေပါသည်။ သို့သော် ဖေဖေကတော့ မေမေမသိစေချင်သော ငိုခြင်းကို သိပါသည်။ မေမေက မသိစေချင်သော်လည်း မေမေ့အသည်းက ဟန်ဆောင် ဖုံးကွယ်သည် မဟုတ်၍ မေမေ၏ ဟန်ဆောင်ဖုံးကွယ်ခြင်းမှာ အချည်းနှီးသာ။ ဒါကို ဖေဖေက ဘာမျှမပြော။ ပြော၍လည်း ဖေဖေအဖို့ ထူးခြားတော့မည်မဟုတ်။

"ခင်..."

ဖေဖေက မေမေ့ကို စကားပြောဖို့ ရည်ရွယ်သည်တော့မဟုတ်ပါ။ အသိဉာဏ် ကင်းမဲ့သေးသော သားနှင့်သာ စကားပြောချင်သည်။ ဒါမှလည်း ဖေဖေ၏ ကြေကွဲခြင်းမှာ လျော့ပါးပေမည်။ မေမေမှာတော့ အသည်းရှိနေသည်။ မေမေ့အသည်းက အသိဉာဏ်လည်း မကင်း။ ပြီးတော့ မေမေ့အသည်းမှာ ဟန်မဆောင်တတ်ပါ။ သည်လို မေမေမျိုးနှင့် စကားပြောရလျှင် ဖေဖေအဖို့ ပို၍ကြေကွဲဖွယ်သာ ဖြစ်ပေမည်။ မေမေအဖို့ မိန်းမသားဖြစ်နေ၍ ပို၍ ဆိုးပေတော့မည်။ သို့ကြောင့် ဖေဖေက မေ့မေ့ကိုစကားပြောဖို့ ရည်ရွယ်သည်တော့ မဟုတ်ပါ။ သို့သော် ဖေဖေ၏ ကြေကွဲဆို့နစ်ဖွယ်အသံမှာ တိတ်ဆိတ်နေသော အခန်းကို လှန့်လိုက်သည်။ ဖေဖေ၏ ကြေကွဲခြင်းသည် ဆေးရုံခန်းကိုပင် ကူးစက်လိုက်၏။

မေမေက ဖေဖေ့ကိုမကြည့်ရက်တော့။ ဖေဖေ့မျက်နှာမှာ သေမင်းနှင့်စစ်ထိုးနေရာ ရှုံးလုနီး၍ အမေ့ထံအကူအညီတောင်းနေသယောင်။ ဖေဖေမှာ မျက်နှာသူငယ်နှင့် ဖြစ်နေသည်။ အမေက တစ်ဖက်သို့ လှည့်၍ တစ်ချက်ရှိုက်လိုက်၏။ သည်ကာလ၌ အဖေ၏ အချစ်ဆုံးမယားတော့ ထားဦး၊ မျှော်လင့်ချက် မရှိတော့ပြီဟု လက်လျှော့လိုက်ကာ တစ်ထောင့်မှ တွေနေသော ဒေါက်တာ၏ရင်တွင်း၌ပင် ပူလောင်သောတံစို့ မီးအထိုးခံရသည်သို့ ကြုံလိုက်ရ၏။ ဒေါက်တာ ဘာမျှဝင်မပြောရက်၊ ကြာရှည်လည်း ကြည့်နေနိုင်စွမ်းမရှိသည်ကြောင့် ဒေါက်တာ ဆေးရုံခန်းတွင်းမှ ခေါင်းငိုက်စိုက်နှင့် ထွက်ခဲ့ရသည်။

"သား... မောင့်ကို ခဏပေးစမ်းပါကွယ်..."

စစ်ရှုံးနေသော ဖေဖေပါ။ ဖေဖေ့အဖို့ ဘာဆိုဘာမျှ မတတ်နိုင်တော့သော ကာလ။

တစ်ခါတုန်းကသာဆိုလျှင် "မောင်နဲ့ ဘာဆိုင်တုံး၊ ဒါ ခင့်သား၊ သူ့မှာဖြင့် သားလည်းမရှိဘဲနဲ့...ဟော့... ရှက်ဖွယ်" သည့်လိုပြောင်လှောင်ခဲ့သော အမေမှာ ယခုအခါ သားကို ချီချင်ရှာလွန်းသော အဖေ၏အဖြစ်ကို ကြည့်၍ မျက်ရည်တွေသာ ကျနေသည်။ အမေသာ မချုပ်တည်းထားရင် ရှိုက်သံတွေလည်း ဆက်၍ဆက်၍ ထွက်ပေါ်လာပေမည်။ အမေက သားကို ငုံ့ကြည့်လိုက်သည်၊ တစ်ချက်

www.burmeseclassic.com

www.burmeseclassic.com



ရှိုက်လိုက်၏။

အဖေမှာ အားနည်းလှသည်။ သားကို ချီပိုက်ထားဖို့ပင် အတော်ကြိုးစားရမည်။ သည်အဖြစ်ကို အမေ သိပါသည်။ သို့သော် သားကို အဖေ့ရင်ဘတ်ပေါ်သို့ တင်ပေးလိုက်ပါသည်။ မသင့်တော့မသင့်၊ စစ်ရှုံးနေသူအဖို့ ဤသည်သာ အကူအညီဖြစ်တော့၏။ သည့်နောက် မေမေကတော့ တစ်ဖက်သို့လှည့်ကာ ရှိုက်ကာရှိုက်ကာသာ ငိုလိုက်တော့သည်။ ဟုတ်သည်။ အမေ၏အသည်းမှာ ဟန်မဆောင်နိုင်တော့သည့် အဆုံး၌ ဤကဲ့သို့သာ ကွဲရပေတော့၏။ အမေ၏အသည်းသည် ကွဲ၍သွားပေပြီမို့ ဟန်ဆောင်ခြင်းဆိုတာကိုပင် မသိတော့။ ထိုအချိန်၌ ဖေဖေမှာလည်း သားကိုကြည့်၍ ငိုနေပါသည်။ ဖေဖေက သား၏မျက်နှာကို မျက်ရည်တွေ မှုန်ဝါးဝါးကြားမှ မြင်ရပါသည်။ သားမှာ ဘာဆိုဘာမျှမသိပေ၊ ခပ်တွေတွေသာ ကြည့်နေသည်။ တကယ်ဆိုတော့ အသိနှင့် အပြစ်ကင်းမဲ့သေးသော သား၊ သည်သားကို ဖေဖေက စွန့်ပစ်၍ သွားရမည်မှာ... တကယ်တော့လည်း ဖေဖေမတတ်နိုင်ပါ။ အမေမှာလည်း ငိုရုံသာ။

"သား... မင်းလိမ္မာပါတယ်ကွယ်၊ အမေ့ကိုလေ" အဖေက အားယူ၍ ရင့်ဘတ်ပေါ်မှ သားကို မိမိမျက်နှာဆီသို့ စကားပြောရင်း ဆွဲ၍နမ်းပါသည်။ သည့်နောက်တော့ ဖေဖေ၏ကြေကွဲဖွယ်သောအသံသည် မေမေ၏ ရှိုက်သံဝယ် ပျောက်ဆုံးသွားကော့သည်။ ဤအခိုက်မှ ဘာမျှမသိသော သားက လန့်ဖျပ်၍ အော်ငိုလိုက်သည်။ တကယ်တော့လည်း သားမှာ အဖေ့အိပ်ရာဘေးတွင် ကပိုကရိုလဲကျနေပေပြီ။ သားကတော့ ရုတ်တရက် အဖေ၏ တုန်ယင်သောလက်မှ လွတ်ကျလာသည်မို့ လန့်ဖျပ်၍ အော်ငိုနေသည်။ ဘာမှန်းတော့မသိသေး။ အမေ၏ရှိုက်သံကို အမေ၏ဟစ်၍ငိုသံက လွှမ်းလိုက်သည်။ အမေက နောက်တစ်ချက်ဟစ်၍ငိုလိုက်ပြီး အဖေ၏ရင်ဘတ်ပေါ်သို့ မှောက်၍လဲချလိုက်သည်။ အမေ၏ပူနွေးသော မျက်ရည်တွေသည် အဖေ၏ ရင်ဘတ်ပေါ်သို့ ကျလာကြ၏။ သားကတော့ ဟစ်၍ အော်ငိုဆဲပါ။

[၄]

ဤသို့ဖြင့် အမေ့မှာသားတစ်ယောက်နှင့် လူ့လောကတွင် ယောင်လည်လည် ကျန်ရစ်ခဲ့ရှာပါသည်။

အမေ့အဖို့ တစ်ခါက အပြုံးတို့သည် ထိုကာလ၌ အိပ်မက်သဏ္ဌာန်သာ တည်ရှိခဲ့တော့သည်။ အမေ့မှာအဖေမရှိတော့သည့်နှင့် ခိုကိုးရာလည်းမမြင်၊ ရှိအပ်သည့် ဆွေမျိုးဆိုသည်များမှာလည်း လူ့လောကလယ်တွင် ယောင်လည်လည်နှင့်နေသော အမေနှင့် သားငယ်ကို ရှိသည်တော့မှ မထင်၊ အမေကလည်းသားအတွက်နှင့်မည်သူ့ထံမှမျက်နှာ မငယ်လို၊ သို့သော်...အမေမှာ အားကိုးရသောအဖေ၊ အမေ၏အချစ်ဆုံးသော အဖေ၊ အမေ့ကို အသည်းမှ ချစ်တတ်သောအဖေ ဆုံးရှုံးခဲ့ပေပြီ။ အမေ့မှာအားကိုးမဲ့ချေပြီ။ သားငယ်ကလည်း ဘာမျှမသိတတ်သေး၊ ဒါပေမဲ့ အမေကတော့ သားငယ်ကျန်ရစ်ခဲ့သေး၍ တော်သေး၏။ သို့မဟုတ်လျှင်လည်း အမေ့မှာ အဖေနှင့်အတူပင် နောင်တစ်ဘဝခရီးတွင် လက်တွဲ၍ သွားနေကြပေရော့မည်။ သည့်ကြောင့်ပင် သားမှာ အမေ၏ အသက်ဖြစ်ခဲ့သည်။ အမေ၏ သားပါ။

အမေနှင့်သားမှာ ဤသို့ဖြင့် ခိုကိုးစရာကင်းမဲ့ စွာပင် လူ့လောကအလယ်တွင် တည်ရှိခဲ့ရတော့သည်။ သစ်ရိပ်နှင့် ခိုနားရန်ကင်းသော ပင်လယ်ပြင်၏ ကောင်းကင်တွင် လေနှင့်သာမျောနေရရှာသော ငှက်ငယ်သားအမိနှစ်ကောင်သို့သာ အမေနှင့်သားမှာ တည်ရှိခဲ့ရပါတော့သည်။ ယခုတော့ အမေ၏သားမှာ လူ့လောကသို့ဝင်ရန် စိုင်းပြင်းရတော့မည်။ ဟုတ်သည်၊ ကျောင်းထားရတော့မည်။

အမေမှာ ရှိုက်၍ ရှိုက်၍သာ ငိုရပါတော့သည်။ မတတ်နိုင်သည့်အဆုံး၌ အမေက ကံတရားကိုသာ အဆိုးပြုလိုက်ရသည်။ ကျောင်းသားဘဝမှ သား။ သားမှာ အစစ အရာရာ အဖေရှိစဉ်ကလို မဟုတ်ပေ။ ယခင်လို တောက်တောက်ပြောင်ပြောင်လည်း မဖြစ်နိုင်တော့။ အမေမှာလည်း အဖေမရှိတော့သည့်နောက် ဘာဆိုဘာမျှမလို၊ ရှိသည့်ငွေကလေးနှင့် ပစ္စည်းကလေးထုခွဲ၍ ငွေတိုးပေးစားခဲ့ရသည်။ ငွေတိုးပေးစားရသည်မို့ အမေ့မှာ ချမ်းသာလှသည်မဟုတ်၊ စားရင်းသောက်ရင်းဖြင့် ရှိရင်းပစ္စည်း တစ်ဝက်ကျော်ကျော်မျှပင် ကုန်ဆုံးခဲ့ပေပြီ၊ နောက်ဆုံးတော့ သား၏ဘဝကို ကြည့်ကာသာ အမေက ငိုကြွေးရတော့သည်။

ကျောင်း၌ သားပညာသင်ချိန်တွင် အမေမှာအိမ်၌

www.burmeseclassic.com

www.burmeseclassic.com



ငိုခဲ့ရပါသည်။ အမေ့အဖို့ ငိုရုံမှအပ ဘာမျှလည်း မတတ်နိုင်။ ရှေ့ရေး ဟုတ်သည်၊ သည်ရှေ့ရေးကလည်း ရှိသေး၏။ အထူးသဖြင့် သား၏ရှေ့ရေး၊ အမေ့ရှိ ကြေးငွေသည် တည်တံ့နေလျှင်ကား တော်သေးစွ။ ယခုတော့ တစ်နေ့တစ်နေ့ဖြင့် လျော့ပါးကုန်ဆုံးရတော့မည်။ သား... သား... သား၏ရှေ့ရေးအတွက် အမေ့မှာ မကြံတတ်တော့ပြီ။ သို့သော် သားကတော့ ဘာမျှမသိပါ။ နိမ့်ကျလှသော ဘဝကိုပင် သားက ရောင့်ရဲနေပေပြီ။ သား... ဖေဖေ မရှိတော့သည့် အကြောင်းကိုတော့ သားသိပြီးဖြစ်ပါပြီ။ သို့သော် သားကတော့ ယခုအခါများ၌ အမေကဲ့သို့ လိုက်လုံ့စွာမငို။ ငို၍လည်း သားအဖို့ ထူးခြားမည်တော့မဟုတ်ပါ။ အမေကသာ ငိုရပါသည်။

သို့သော်တစ်ခါကမူ သားသည် အမေနှင့်အတူ ငိုခဲ့ရပါသည်။ ဟုတ်သည်။ အမေ၏ငွေကြေးမှာ လျော့ပါးလာချေပြီ။ အမေမည်သို့မျှ မတတ်နိုင်တော့၊ နောက်ဆုံးတော့ အမေတို့ ယခင်နေခဲ့ရာ အိမ်လုံးကလေးမှ တဲတန်းလျားတစ်ခုသို့ ပြောင်းလာရသောကာလ၊ သားက သည်လို ပြောင်းရွှေ့လာသည်ကို သိလိုလှသည်။ သားမှာ ငယ်လှသေးသည်မို့ ဒီလိုပေါက်ကရအကြောင်းတွေကို သိလိုလှသည်မှာလည်း မဆန်းလှ။

"မေမေ... သားတို့ ဟိုအိမ်ကလေးမှာ ဘာလို့ မနေတော့တာလဲဟင်" အမေ၏ဦးနှောက်တစ်ခုလုံးသည်ခြောက်ခန်းသွားတော့သည်။ ကွဲနေသောအသည်းကြေကျလာတော့သည်။ သား၏မေးခွန်းက အမေ့ကို တုန်လှုပ်စေတော့သည်။ အမေ မချုပ်တည်းနိုင်တော့ပါ။ သားအတွက် ဟန်ဆောင်ခြင်းအသည်းသည် ကြေသွားပေပြီးကိုး။ အမေက သားငယ်ကို ဖက်၍သာ ငိုပါတော့သည်။ သားမှာ လန့်၍သွားပါသည်။ အမေကိုအားရပါးရ ပြန်ဖက်ထားလိုက်၏။ အမေ့ရင်ခွင်တွင် သားသည် အားရပါးရ ရှိုက်၍ရှိုက်၍ ငိုပါတော့သည်။ ထိုအချိန်အထိ အသိဉာဏ်နှင့် အပြစ်ကင်းမဲ့သော အမေ၏ သားပါ။

နောက်ဆုံးတော့ ဖေဖေ၏အမွေဖြစ်သော အိမ်ဝန်းနှင့်အိမ်ကိုရောင်း၍ ဈေးဆိုင်ကလေးဖွင့်ခဲ့ရသော အမေ၏ဘဝကို သားသိရပါပြီ။ သားအဖို့ အသိတရား ကိန်းဝပ်လာသည်။ လူ့ဘဝ၌ ကွာခြားသော အဆင့်အတန်းကိုလည်း ဤအခါမှသားကသိလာပါသည်။သားကကျောင်းသွားသည်။ အမေကဈေးရောင်းသည်။ သားမှာ လိမ္မာလှသည်။ အမေ စိတ်ပျော်ရွှင်အောင်သာ လုပ်ပေးခဲ့သည့် သား။ အမေ့မှာလည်း သားအတွက်မို့ ကြိုးစား၍ရောင်းရာသည်။ ဈေးမရောင်းဘူးသော အမေမှာ အစ၌ ရှုံးသေး၏။ နောက်တွင် အမေတို့အဖို့ စားသောက်နိုင်သည့်အခြေသို့ ဆိုက်ရောက်လာပါသည်။

သို့သော် ငယ်သေးသောသားကမူ ကိုယ့်အခြေအနေကိုလည်း သိခဲ့ပါပြီမို့ အမေ့ကို ပို၍ပို၍ချစ်လာသည်။ အမေ စိတ်မကောင်းအောင် ဘယ်တော့မျှ မလုပ်ခဲ့။ အမေ၏လိမ္မာသော သား...၊ သားမှာ ကလေးဘဝ။ သို့သော် ကစားစရာ၊ သရေစာ၊ အဝတ်အစား လုလုကလေးတွေဆိုတာကို သူများတွေလို ကြုံရခဲဘိခြင်း။ ဒါပေမဲ့ သားကလည်း အလိုက်သိခဲ့ပါသည်။ အမေ့အပေါ်တွင် ဘာဆိုဘာမျှ စိတ်ဒုက္ခမဖြစ်စေခဲ့။ အမေက သည်သားကို သည်လိုမြင်ရလေ ပို၍ မချိတော့လေ။

အမေမှာ သားလိမ္မာကိုကြည့်၍အဖေ့ကိုသာတမ်းတခဲ့မိ၏။ ဖေဖေ့အကြောင်းတွေကို မေမေက သားအား ပြောပြခဲ့သည်။ သားမှာလည်း မေမေပြောပြသော အဖေကို အတွေးနှင့် တမ်းတရတော့သည်။ ဓာတ်ပုံထဲမှ အဖေကို ကြည့်၍ စကားပြောပြောနေတတ်သည့်သား၊ ညတိုင်းလိုလို နားထောင်ရသော အမေပြောပြသည့် ပုံပြင်များမှ လူစွမ်းကောင်းကြီး ဖြစ်ခဲ့ရပါသည်။ တစ်ခါက သားကိုနမ်းရင်း သေသွားရာသော ဖေဖေ့အကြောင်းကို အမေ မျက်ရည်တဝေဝေနှင့် ပြောပြစဉ်က သားမှာ အိပ်ရာခေါင်းအုံးကို မျက်နှာအပ်၍ ရှိုက်ကာ ရှိုက်ကာ ငိုခဲ့ပါသည်။ တကယ်တော့လည်း အဖေ့မှာ သား၏ လူစွမ်းကောင်းကြီးအဖြစ် တစ်ခါက တည်ရှိခဲ့၏။ ထို့အတူပင် အမေမှာသား၏အချစ်ဆုံးနှင့် အားအထားဆုံးမိခင် ဖြစ်ခဲ့သည်။ အမေကလည်း သားဆိုမှသားသာ ဖြစ်ခဲ့၏။

အမေနှင့်သား၊ သားနှင့်အမေ၊ သည်လိုနှင့် မုန်တိုင်းကြားတွင် လေလွင့်ခဲ့ရသော ငှက်သားအမိ နှစ်ကောင်သို့သာ ဘဝကံဆိုးကို ဘေးချိတ်၍ ကြံဖန်ကာ ပျော်မှုရှာခဲ့သည်။ သားနှင့်အမေ၏ဘဝ၊ မျက်ရည်ဖြင့်သာ ပျော်ခဲ့တော့သည်။

"အမေရယ်... မငိုပါနဲ့၊ သားကြီးလာရင်လေ... အမေ့ကို တိုက်ကြီးနဲ့ ကျကျနနထားမယ်..." သားမှာ ဤသို့မူ

www.burmeseclassic.com

www.burmeseclassic.com



တတ်လာပါပြီ။ အမေကတော့ မျက်ရည်တွေကြားမှ ပြုံးရဖူးပါသည်။ သည်လိုပင် သားက အမေအဖို့ သာယာမှု ဖြစ်စေပါတော့သည်။ ဤတုန်းကာလအထိ သားရဲ့အမေ၊ ပြီးတော့ အမေ၏သား ဖြစ်ခဲ့ပါ၏။

[ ၅ ]

သည်လို သည်လိုအကြောင်းတွေကိုတော့ အမေ မေ့ပျောက်၍ မရတော့ပါ။ မေ့လည်းမမေ့တော့ပါ။ အမေ၏ အချစ်ဆုံးသောသား၊ အမေ၏ တသသဖြစ်ခြင်းတို့သည် သား၏ ဖြစ်စဉ်တွေသာ ဖြစ်နေတော့၏။

အမေ သေသေချာချာ မှတ်မိသေးသော ဖြစ်စဉ်တစ်ခု။ အားလုံးကို အမှတ်ရသည်ထဲမှ ပို၍သတိရနေသော သား၏ဖြစ်စဉ်တစ်ခု။ သည်နေ့ သည်နေ့ အမေ့ တစ်သက်တာလုံးမှာမှ အထူးခြားဆုံးနေ့။ ဟုတ်သည်။ သား တက္ကသိုလ်ဝင် စာမေးပွဲအောင်သောနေ့။ ယနေ့ သတင်းစာ စာမေးပွဲအောင်စာရင်းတွင် သားအမည် ပါလာခဲ့သည်။ သားပျော်လိုက်သည်ဖြစ်ခြင်း။ သတင်းစာကြီး တကိုင်ကိုင်နှင့် မော်လို့မဆုံးနိုင်သော သားပါ။ ဟုတ်သည်၊ ချစ်သားပြုံးလျှင် မွေးမိခင်လည်း ကြည်ရွှင်ပျော်ပါးခဲ့ရသည်သာ မဟုတ်လော။ ထို့ကြောင့်ပင် အမေလည်းပျော်ခဲ့ရပါသည်။

တကယ်ဆိုတော့လည်း သားဘဝခရီး တစ်စိတ်တစ်ဒေသ အောင်မြင်မှု မဟုတ်ပါလား။ တက္ကသိုလ်... တက္ကသိုလ် လက်ရှိလူနေမှုစနစ်က ပညာဟု လက်ခံ ယုံကြည်ထားသော အတတ်သင်ရာ တက္ကသိုလ်ကို သားသွားနိုင်ခွင့်ရပေပြီ။ သားတက္ကသိုလ်သို့ ရောက်မည်။ သား၏ အိပ်မက်များမှ တက္ကသိုလ်ကျောင်းဝင်းထဲတွင် သားပျော်ရတော့မည်။ သားမျှော်မှန်းထားသော ပညာသင်ကြားမှုသားကိုယ်တွေ့ကြုံရတော့မည်။ နောက်တော့တက္ကသိုလ်မှ ထွက်လာသော ပညာတတ်တစ်ဦး ဖြစ်ရတော့မည်။ ဒါတွေ ဒါတွေကြောင့်ပင် သားပျော်လိုက်သည်။ မော်လိုက်သည်။

အမေတော့ကာ ရှည်မြင့်စွာမပျော်နိုင်ရှာပါ။ သားစာမေးပွဲအောင်ပါပြီ။ သည်မျှနှင့် သားသည် ဤလူနေမှုစနစ်တွင် အဆင့်အတန်းမီသော လူတစ်ယောက် ဖြစ်ပါပြီလော။ သည်ပညာမျှနှင့် သားဘဝကို သားကတင့်တယ်အောင် ထိန်းသိမ်းနိုင်ပါမည်လော။ ခဲယဉ်းပါဘိတောင်း။ သားတို့လောကမှ သိမ်ဖျင်းလှသော လူနေမှုစနစ်တွင် သားအောင်မြင်ခဲ့သော အဆင့်အတန်းသည် တကယ်ဆိုတော့လည်းတန်ဖိုး၏အစမျှသာ ဖြစ်ချေသေးသည်။ သည်တော့ သား၏ပညာဆက်လက်သင်ကြားရေး၊ တက္ကသိုလ်ပညာရေး၊ ဒါကို သားအားသင်ပေးရမည်။ အမေမှာ ဘာဆို ဘာမျှမသိပါ။ နောက်ဆုံးတော့ အဖေ့ကို တ၍ တ၍သာ ငိုနေပါတော့သည်။ ဒီအချိန်အထိ သားကတော့ဘာမျှ မသိသေးပါ။

သား၏သူငယ်ချင်း တက္ကသိုလ်သို့သွားကြပေမည်။ သည်တော့မှပဲ သည်အရေးကို သားက အမေ့အား ဖွင့်ပြောခဲ့သည်။ သား၏ဖွင့်ပြောခြင်းမှာ တကယ်ဆိုတော့လည်း နောက်ကျပါသေး၏။ သား တက္ကသိုလ်သို့ သွားရမည့်အရေး။ သို့သော်...။ ဤ သို့သော်ကို အမေရော သားပါ မလိုလား။ ဒါပေမဲ့ အမေနှင့်သားတို့ လောကမှာတော့ ဤသို့သော်က အတော်ပင် ခြယ်လှယ်နိုင်စွမ်းရှိခဲ့၏။ ငွေ၊ ငွေ၊ ဒါတွေကို အရင်းတည်နိုင်မှလဲ သားလိုလားသော (ဆိုကြပါစို့) လူတွေက လက်ခံသောအဆင့်အတန်းမီ လူတစ်ယောက် ဖြစ်မြောက်မှု ပညာရေးသည် ရအပ်တော့မည်။ ဒါပေမဲ့ အမေ့မှာ ငွေကြေးမဲ့မှုဆိုးမပါ။

တစ်နည်းတော့ ဆိုနိုင်ပါ၏။ လူတိုင်းအတွက် တက္ကသိုလ်အခမဲ့ ပညာသင်ကြားရေး။ ဒါကို အမေ မသိပါ။ မသိတာကပင် ကောင်းတော့သည်။ သိပြန်လျှင် အမေ၏ငိုကြွေးခြင်းသည် ကျိန်ဆဲခြင်းသို့ ရောက်ကောင်းလျှင် ရောက်ပေမည်။ ဟုတ်သည်။ သားမှာတော့ ငို၍ ကျိန်ဆဲရပါပြီ။ တက္ကသိုလ် အခမဲ့ပညာရေးတဲ့။ သားကတော့ အတော်လည်း မကျေမချမ်းဖြစ်ရသည်။ ဒေါလည်းပွရပြီ။ လူတိုင်း ပညာတတ်ဖြစ်ရေးအတွက် တက္ကသိုလ်အခမဲ့ ပညာရေးတဲ့။ သားအဖို့ ဘာများထူးခြားမည့် ပညာရေးပါနည်း။ ရယ်စရာကောင်းသော စနစ်ဆိုတာကိုပဲ သားကသိ၏။ အခမဲ့သော တက္ကသိုလ်တွင် ငွေကြေးမြောက်မြားစွာကို အရင်းမတည်နိုင်၍ ပညာမသင်ရရှာသော သားတို့လို လူတွေမှာ ဒုနဲ့ဒေး။ သို့သော် တက္ကသိုလ်မှာမူ အခမဲ့ ပညာသင်ကြားရေးပါ။

သားကတော့ ငိုရင်းငိုရင်းပင် ကျိန်ဆဲနေမိပါပြီ။ သား နားမလည်ခဲ့သော မမြင်ခဲ့သေးသော အသိအမြင်တွေကို သားသိလာမြင်လာပါပြီ။ ငွေကြေးရှင်ဆိုတာတွေ

www.burmeseclassic.com

www.burmeseclassic.com





နှင့် ငွေကြေးမဲ့သူတွေ၏ ခြားနားခြင်းကိုလည်း သား သိလာပါပြီ။ အာဏာဆိုသည့် အကြောင်းအရာများ၊ ဒီမိုကရေစီရေးရာများကိုလည်း သားနားလည်လာသယောင်ရှိခဲ့ပါပြီ။ အစိုးရဟူသော အဓိပ္ပာယ်ကိုလည်း သားသိခဲ့ပါပြီ။ မည်သို့ဖြစ်စေ... သားကတော့ ငိုရင်းငိုရင်းပင် ကျိန်ဆဲခဲ့ရသည်။ သည့်ထက်ပို၍ကော အမေနှင့်သားက ဘာတတ်နိုင်ဦးမှာမို့ပါနည်း။

BURMESE CLASSIC .com

[ ၆ ]

မည်သူက မည်သို့ဖြစ်စေ သားဘဝကိုတော့ အမေနှင့် သားမှသိပါသည်။ များပြားလှစွာသော အခက်အခဲများကြားမှ တွား၍လည်းကောင်း၊ လွှား၍လည်းကောင်း လာခဲ့ရသော သား၏ဘဝပါ။ အမေ့ခများမှာလည်း ပင်ပန်းလှရှာသည်။ သားအတွက် သား၏ပညာရေးအတွက်ဆိုလျှင် မှန်ပေမည်။ သည့်ထက်ဆိုလျှင်တော့ သား လူ့လောကတွင် ဝင်ဆံ့ရေးအတွက် ကြိုးပမ်းခဲ့ရသော အမေ၏ ဘဝ၊ ငွေကြေးနှင့်အချိန်၊ စိတ်နှင့်ခန္ဓာကိုယ် ကုန်ဆုံးခြင်း များစွာတို့ကို အရင်းတည်ခဲ့ရသော သား၏ပညာရေးဟုတ်သည်။ စာမေးပွဲတစ်ခုအောင်ဖို့ဆိုသည်မှာ လွယ်ကူလှသည်မဟုတ်။ မည်မျှတော်စေကာမူ မလျော်လျှင် ရှုံးတတ်ကြသေးသည်။ ဒါတွေကြောင့် သားမှာ ပင်ပန်းတကြီး ကြိုးစားခဲ့ရသည်။ အခက်အခဲပေါင်း များစွာကိုကျော်လွှန်၍လာခဲ့ရသော သား၏စာမေးပွဲအောင်မြင်ခြင်း၊ ယခုတော့လည်း ဘာမျှပြောပလောက်သည်မဟုတ်။

ထားပါစို့လေ... တက္ကသိုလ်ဝင် စာမေးပွဲပင် အောင်ပြီးပြီမို့ လူ့လောကတွင် တစ်ကဏ္ဍမှ သားကဆောင်ရွက်ရမည်။ သို့သော် သားမှာမဖြစ်နိုင်သေး၊ လူလားမမြောက်သေးသောသား။ ၁၇ နှစ်မျှသာ အသက်ရှိသေးသောသား။ လူ့ဘဝတစ်ကဏ္ဍကို ပင်ပန်းကြီးစွာ ဝင်ရောက်ဆောင်ရွက်ရမည်ဆိုသည်မှာ မလွယ်လှပြီ။ ပြီးတော့ သက်တူရွယ်တူဖော်ချင်းများမှာတော့ ကျောင်းသွားကြ၊ စာသင်ကြနှင့် ပျော်နေချိန်၊ ဒီသားကတော့ ဒီလောကမှ ဘယ်နည်းနှင့်မျှ ထွက်မသွားချင်၊ ထွက်လည်းမသွားထိုက်။

သို့သော် သားမှာ ဒီလောကကို စိတ်ကူးယဉ်အဖြစ်နှင့်သာ တည်ဆောက်ဝင်ရောက်ခဲ့ရုံသာ ဖြစ်တော့၏။ နောက်ဆုံးတော့ အမေ့၏ချွေးနှင့်ရင်းခဲ့ရသော ငွေ၊ ပြီးတော့ သား၏စိတ်နှင့်ခန္ဓာတို့ဖြင့် အချိန်ပေါင်းများစွာ အကုန်ခံ၍ တည်ဆောက်ခဲ့ရသော သား၏အောင်မြင်ခြင်းမှာ ကြေးစားအလုပ်သမားဘဝသို့ ပို့ဆောင်ခံလိုက်ရတော့သည်။ ဟုတ်သည်၊ ကြေးစားအလုပ်သမား သားပါ။

[ ၇ ]

မြို့အုပ်ရုံးမှ စာရေးကလေး သား၊ သားအဖို့ ဖိုင်စက္ကူတွဲများနှင့် အလုပ်စားပွဲ၏ကြားမှာသာ တစ်နေ့တာလုံး အချိန်ကို ကုန်ဆုံးခဲ့ရ၏။ ဟိုအလုပ် သည်အလုပ်၊ ရှုပ်၍ရှုပ်၍သာ ထွေးနေသည်။ လူငယ်တစ်ယောက် တတ်ထားသော ပညာ။ ဆိုကြပါစို့... စွမ်းရည်၊ ကျရောက် ထမ်းဆောင်ရတဲ့တာဝန်။ ရရှိခံစားရတဲ့ အခွင့်အရေး။

ဟုတ်သည်။ ငယ်သောသား၊ လူရွယ်ပိုင်းသို့မှ မရောက်သေးသော လူငယ်သား၊ အသက်အားဖြင့် ၁၇ နှစ်၊ အချိန် ဦးနှောက်နှင့်ငွေများစွာမတည်၍ လာခဲ့သော တက္ကသိုလ်ဝင်အဆင့်အတန်းအောင်ပြီးလူငယ်တစ်ယောက်။ သို့သော် သားတို့လောကတွင်တော့ သည်ပညာအဆင့်အတန်းက လူတန်းစေ့ နေနိုင်သော အခွင့်အရေးကို ခံစားရသည်မဟုတ်။ ဟုတ်သည်။ တက္ကသိုလ်ဝင်စာမေးပွဲသည် တက္ကသိုလ်ဝင်ဖို့သာ ရည်ရွယ်ထားသည်။ သားနှင့်တော့ ဖိုလာကျလွန်းလှပါ၏။ မည်သို့ဖြစ်စေ တက္ကသိုလ်ဝင်တန်း စာမေးပွဲကို အောင်ပြီးသားပါ။ ဒါက သားစွမ်းရည်။ တာဝန်ကိုကြည့်ပါဦး။ တစ်နေ့တစ်နေ့ သည်ရုံးခန်းကလေး၏ ထောင့်စားပွဲ၊ စာရွက်စာတမ်းတွေ ဖိုင်တွေ ရှုပ်၍ရှုပ်၍နေသည်။ အလုပ်သဘောကို ဘာမှ လက်တွေ့နားမလည်သေးသော သားဖို့ ပို၍ရှုပ်ထွေးဖွယ် ဖြစ်နေတော့သည်။ သည်ကြားထဲ မပြီးပြတ်တဲ့ လုပ်ငန်းတွေ အိမ်သို့ယူ၍ လုပ်ရသေး၏။ ဒါကလည်း သား၏ မကျွမ်းကျင်မှုများကြောင့်သာဟု ဆိုချင်လည်းဆိုနိုင်၏။ သားအတတ်နိုင်ဆုံးအထိ ကုန်း၍ကျုံး၍လုပ်ရသည်။ မလုပ်နိုင်သည့်အဆုံး သားမှာ ငိုတော့သည်။ တကယ်ဆိုလျှင်လည်း သားမှာ ငိုရုံမျှသာ တတ်သေး၏။ သည့်ထက်လည်း ပိုမတတ်နိုင်။ ရရှိတဲ့အခွင့်အရေးကတော့ ၇၀+၅၆⁰ +၁၂ပဲ၊ အားလုံးပေါင်းမှ သား၏လစာမှာ ၁၂၆–၁၂ပဲ။ ပြီးတော့ အချိန်နှင့်တာဝန်တို့၏ အချုပ်အခြယ်ခံအောက်သို့ရောက်သွားရသောသား။ သားကသည်အတွက် ပို၍မချိပါ။ သားမှာ ကလေးတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက် စိတ်ထားမျှသာ ရှိသေး၏။ တာ၀န်ဆိုသည်ကိုလည်း သတ်မှတ်ထားသည့်အလျောက် သားမထမ်းဆောင်ချင်သေးပါ။ အချိန်၏ အချုပ်အခြယ်အောက်တွင်လည်း သားက မနေချင်သေးပါ။ သားကို အပြစ်ဆိုချင်လျှင်ဆိုတော့၊သားအဖို့ငွေ ၁၂၆–၁၂ ပဲ ကတော့ သား ယူ၍သာယူရသည်။ ငို၍ယူရသည်သာ ဖြစ်၏။ တကယ်တော့လည်း ကြေးစားအလုပ်သမားကလေးသားပါ။ ဒါကိုတော့ သားက အမေ မသိစေချင်ပါ။

သို့သော် အမေမှာ လူ့လောက သံသရာတွင် သားထက် နှစ်ပေါင်းများစွာ ကြိုတင်ဝင်ဆံ့ထားပြီး ဖြစ်နေသည်။ သို့ကြောင့်ပင် သားကဘယ်လောက်ပင် မသိစေချင် မသိစေချင်၊ အမေကတော့သိ၏။ သားထက်ပင်ပို၍ သိသေးသည်။ ဒါကိုလည်း အမေက မသိစေချင်ပါ။

သို့သော်... ဤတစ်နေ့ သည်နေ့ကို အမေ့အား စွန့်ပစ်သွားပြီဖြစ်သော သားကသာ မေ့ကောင်းလျှင် မေ့နေပေတော့မည်။ အမေကတော့ မမေ့။ သည်လိုနေ့တွေကို တသရင်းသာ အမေဘ၀ဆုံးလျှင်၊ ဆုံးရချိမ့်မည်။ စင်စစ်အမေ့၌ မေ့ပျောက်နိုင်စွမ်းသော စွမ်းရည်မရှိပါ။ အမေကိုယ်တိုင်ကလည်း မေ့ပျောက်ဖို့ ကြိုးစားလိုသည် မဟုတ်ပါ။ သည့်ကြောင့်ပင် အမေနှင့်သားအကြောင်းကို ဖော်ပြရလျှင် ဤနေ့ကို ချန်ထားလျှင်မဖြစ်နိုင်။ လူ့လောက တစ်ထောင့်တွင် သက်ဆိုင်သူတို့အဖို့ မမေ့နိုင်သော နေ့တစ်နေ့။ အမှန်တော့လည်း အမေတို့ဘ၀မှာ လူ့လောက၏တစ်ထောင့်တွင် မထင်မရှားသာ ဖြစ်ပါ၏။

အမေက သား ရုံးဆင်းပြန်အလာကို မျှော်နေသည်။ မကြာခင်ပင် သားပြန်လာတော့မည်။ အမေက အိမ်ခန်း၀မှ ထိုင်၍ သားလာရာလမ်းကိုလှမ်းကြည့်နေသည်။ သားကို မျှော်ရင်းတွေးနေလိုက်ပါသေးသည်။ သားအတွက် ထမင်းချက်၍ပြီးစီးပြီ။ သားပြန်လာလျှင် ခဏတစ်ဖြုတ်နား၊ ရေချိုး၊ သားထမင်းစားစေရမည်။ ပြီးတော့ သားအပျင်းပြေ လမ်းလျှောက်။ ဟုတ်ပြီ၊ သည်နေရာမှာ အမေလန့်သွားသည်။ ယခင်တုန်းက ဖြစ်သည်။ သား ကျောင်းကပြန်လာလျှင် ခဏနား၊ ရေချိုး၊ ထမင်းစား၊ တအောင့်လောက်လမ်း လျှောက်သွားသည်။ ပြန်လာလျှင် စာကြည့်။ ယခုတော့ အမေ့သားမှာ ယခင်လို မဟုတ်တော့။

အမေကသာ ယခင်ကလိုဖြစ်နေစေချင်၍ ယခင်က အကြောင်းတွေကို တွေးနေသည်။ ဟုတ်သည်။ ရုံးဆင်းပြီးသော်လည်း သားမှာပြန်လာချင်မှ လာတတ်သည်။ တစ်ခါတစ်ရံ အချိန်မတော်မှပင် ပြန်လာတတ်၏။ အမေကတော့ သားပြန်လာသည်အထိစောင့်ခဲ့ပါသည်။ သည်လို စောင့်ရင်းလည်း ငိုခဲ့ရပါသေး၏။ သို့သော် ဘယ်အချိန်ကျမှ ပြန်လာပြန်လာ၊ သား ဟော့ရမ်းသည်တော့မရှိ။ သားက အသောက်အစား အပျော်အပါးနည်း၍ စိတ်ချရသေး၏။ သားဖြစ်ချင်ရာသာ ဖြစ်နေမည်။ သားက အသောက်အစားနှင့် အပျော်အပါးကင်း၏။ သို့ကြောင့်လည်း အမေက သားဘယ်အချိန်မှ ပြန်လာပြန်လာ ဘာမျှ သံသယမဖြစ်။ သို့သော် စောစော ပြန်လာဖို့တော့ ပြောရသေး၏။ စင်စစ်တော့လည်း သား အိမ်ပြန်မမှန်ရသည်ကလည်း ဘာမျှအကြောင်းထူးလှသည်ကြောင့်မဟုတ်။ သားအဖို့ မြစ်ကမ်းပါးနှင့် မြို့၏ချောင်ကျကျတစ်နေရာရှိ ကာဖီဆိုင်တို့မှာ အချိန်တွေကို ကုန်ဆုံးခဲ့ရသောကြောင့်တည်း။ ဒါတွေကို အမေကသိပါသည်။

ပြီးတော့ ရှိသေးသည်။ သားဖတ်သော စာအုပ်သေတ္တာ၊ သားစာကြည့်စားပွဲ၊ ယခင်ကဆိုလျှင် စာအုပ်သေတ္တာနှင့် စာအုပ်စင်မှာ ဖုန်မှုမတင်စေခဲ့ရ။ စားပွဲမှာလည်း စာအုပ်အလဲအလှယ်ဖတ်ရင်းရှိခဲ့၏။ ယခုအခါမူ စာအုပ်များလည်း ဖုန်တင်နေ၏။ စားပွဲပေါ်မှာလည်း အလုပ်ကိစ္စတွေရော တခြားမပြောင်းလွဲဘဲ တင်ရှိနေသော စာအုပ်တွေရော ရှုပ်ယှက်ခတ်နေသည်။

ဒါတွေကိုသာ အမေကတွေး၍နေ၏။ သား၏စားပွဲပေါ်မှ ဖေဖေ့ဓာတ်ပုံပင်လျှင် ယခင်လို သပ်သပ်ရပ်ရပ်နေရာတကျမဟုတ်။ ဒါကို အမေမြင်မှ ပို၍မချိတော့သည်။ အမေသွား၍ရှင်းပေးချင်၏။ သို့သော် သားက သူ့စားပွဲကို ဘယ်သူရှင်းတာမှ မကြိုက်ခဲ့။ ဒါတွေ ဒါတွေကိုတွေးရင်း မေမေမျက်ရည်ကျမိသည်။ မေမေ၏ မျက်ရည်တို့သည် ပါးပြင်တစ်လျှောက် စီးလာ၏။ ဖေဖေ့ဓာတ်ပုံကိုလည်း မကြည့်ရဲ။ သားအခန်းကို လှည့်ကြည့်ထားသောမျက်နှာကိုလည်း သားလာမည့် လမ်းဘက်သို့ မူလိုက်သည်။

အမေ... ၀မ်းသာသွားပါသည်။ အမေ၏ ရှေ့တွင် မျက်ရည်တွေ မှုန်၀ါး၀ါးကြားမှသဏ္ဌာန်။ သားမှ သားအစစ် ဖြစ်ပါသည်။ ခေါင်းငိုက်စိုက်ချ၍ ခြေလှမ်း လေးလေး လှမ်းလာပုံ။ ဆံပင်ကပိုကရို၊ လုံချည်ဖိုသီဖတ်သီ၊

www.burmeseclassic.com



သားမှသားအစစ်ဖြစ်သည်။ အမေ မျက်ရည်တွေကို အင်္ကျီလက်မောင်းနှင့် သုတ်လိုက်၏။ အမေဝမ်းသာလှပါသည်။

"သားလေး သည်လိုသာ နေ့တိုင်းစောစော ပြန်လာရင်..."

အမေက တွေး၍ဝမ်းသာမိသေး၏။ သားလာရာလမ်းဘက်ဆီသို့ အမေ အပြေးကလေးလာခဲ့ပါသည်။

"သားလေး ကနေ့အစောကြီးပြန်လာတယ်နော်"

အမေက သားလေးနောက်ကျောကို လက်တင်၍ သပ်ရင်း ဝမ်းသာလှိုက်လှဲ ပြောလိုက်၏။ သားက ခေါင်းကိုသာ တစ်ချက်ဆတ်၍ ညိတ်လိုက်ပြီ...

"ဟုတ်တယ်...မေမေ၊ ကနေ့ ငွေထုတ်တာနဲ့ပဲ"

သားရော မေမေပါ အိမ်ထဲကိုပြန်၍ရောက်ကြပါပြီ။ သားကအိတ်ထဲမှ လစာငွေကို ထုတ်၍ အမေသို့ ပေးလိုက်သည်။ ဆယ်တန်၊ ကျပ်တန်အချို့နဲ့အနုတ်၊ အမေလက်ထဲသို့ ရောက်သွားပေပြီ။ အမေ့လက်တွေမှာ တုန်နေပါသည်။ ငွေများကို တင်းကျပ်စွာဆုပ်ပြီး သားကို တွေတွေကြီးကြည့်နေပါသည်။ သားမှာလည်း ကျောက်ရုပ်ကဲ့သို့ပင် ရပ်တည့်နေ၏။ အမေက ဘာဖြစ်သည်ဆိုတာကို သား မသိစေချင်။ နောက်ဆုံးတော့ အမေကသားကိုဖက်၍ငိုမိသည်။ အမေ၏ ဝမ်းသာခြင်းနှင့် ကြေကွဲခြင်း။ သားက အမေကို ပြန်၍ ဖက်ထားရင်း မျက်ရည်တွေ တွေတွေသာ စီးကျလာသည်။

ကြေးစားအလုပ်သမား သားပါ။ ဒါကို သားက အမေ မသိစေချင်ခဲ့။ အမေကလည်းသား မသိစေချင်ခဲ့။ သို့သော် ယခုအချိန်၌မူ သားနှင့်အမေ၏ ဟန်ဆောင်ခြင်းတို့မှာလည်း အချည်းနှီးသာဖြစ်တော့၏။ နောက်ဆုံးတော့ အမေရောသားရော ကိုယ်စီဘဝကို အတိအကျ ပို၍သိလာကြသည်။ သည်တော့မှ ပို၍ပင် ကြေကွဲကြသည်။ ဟုတ်သည်။ ခိုနားစရာ သစ်ပင်ရိပ်သာ ကင်းမဲ့သော အပြောကျယ်လှစွာသော သမုဒ္ဒရာ၏ ကောင်းကင်ထက်ဝယ် လွင့်ပါးနေသော ငှက်သားအမိသို့သော အမေနှင့်သား၊ သည်သို့သာ ငိုရမည်။ သည်ထက်လည်း မတတ်နိုင်ပါ။

ဤအချိန်အထိ အမေ၏သားမှာ အမေ့သားပါပဲ။ ပြီးတော့ အမေ့မှာလည်း သားရဲ့အမေသာ ဖြစ်ရပါမည်တဲ့။ သားနှင့်အမေ၊ အမေနှင့်သား၊ လူ့လောက၏ တစ်ထောင့်၌ သိမ်ငယ်စွာ ရှုပ်ထွေးနေသော ကြေကွဲဖွယ်တစ်ကဏ္ဍ။

[ ၈ ]

ခုတော့ လွန်ခဲ့ပါပြီ။ သည်အကြောင်းတွေကို သားက မေ့ပျောက်ပစ်နေသည် ထင်ပါ၏။ တကယ်ဆိုတော့လည်း သားက လူ့လောကတွင် မပေါ်ပေါက်သေးသော မေ့ပျောက်နိုင်စွမ်းသည့် စွမ်းရည်တစ်ရပ်ကို ဖွတ်ပဲလုပ်ကြံ၍ ရှိပစ်လိုက်ဟန်တူပါ၏။ ဒဏ္ဍာရီ တစ်ပုဒ်ကိုသော်မှ သားက သတိရကောင်းရပါဦးမည်။ အမေ၏သား သား၏ အမေဆိုတာတွေကိုတော့ သတိရတော့ဟန်မတူ။ တကယ်ပင် သားမေ့နေသလား။ တမင်ပင် မေ့ပစ်လိုက်သည်လား ဆိုတာကိုတော့ မသိပါ။ သို့သော် အမေ့အဖို့ကတော့ မမေ့ပျောက်အပ်သော သမိုင်းတစ်ခုသို့သာ တင်နေရစ်၏။

'လိမ္မာ၍ အပြစ်ကင်းလှသော သားငယ်ပါ' တဲ့။ ဘာပဲဖြစ်ဖြစ် အမေနှင့်အတိတ်ကို ဖွတ်ပဲမေ့ပျောက်၍ စွန့်ပစ်သွားသော သားပါ။ စင်စစ်တော့ ဖြစ်ပေါ်နေသော အကြောင်းအရာကို အမေက ယုံကိုမယုံ။ မည်သို့ ဖြစ်စေ၊ သားမှာအပြစ်ကင်း၍ လိမ္မာလှပါသည်ဟု အမေက ယုံကြည်၏။ တကယ်ဖြစ်လျှင်ပင် သားမှာ အပြစ်ကင်း၍ အသိနည်းသေးသောကြောင့် ကစ်ခုခု၏ အလွှမ်းမိုးကို ခံရသည်ဟု အမေက ယူဆတော့မည်။ တကယ်တော့လည်း အမေသိပါ၏။ သို့သော် အမေက သူ့ကိုယ်သူ လိမ်၍ထားပါသည်။ ပြီးတော့လည်း ရှိသေးသည်။ တကယ်ပင် သားမှာ အမေယူဆသည့်အတိုင်း တစ်ခုခု၏အလွှမ်းမိုး အခြယ်အလှယ်ကို ခံရခြင်းသာ ဖြစ်ပါ၏။ အမှန်အားဖြင့်တော့ အပြစ်ကင်းသော သားပါ။

[ ၉ ]

ညသည် ရင့်ရော်သော အစိတ်အပိုင်းသို့ပင် ရောက်လာပေပြီ။ လကွယ်ရက်မို့ ည၏နောက်ပိုင်းကာလသည် ပို၍ပို၍မှောင်လာပါပြီ...။ သို့တိုင်အောင် အမေ့မှာ မအိပ်သေးပါ။ မီးခွက်တစ်လုံးနှင့် သားကိုသာ ထိုင်၍စောင့်နေပါသည်။ သားက ယခုတိုင်ပြန်မလာသေး။

"ဟင်းတွေလည်း...အေးကုန်ပြီ"

အမေက ထမင်းစားပွဲပေါ်မှ ထမင်းပွဲကို လှမ်းကြည့်၍ ညည်းလိုက်သည်။ အမေ့မျက်နှာမှာ ညှိုးငယ်နေပါသည်။ တံခါးခေါက်သံနှင့် ခြေသံကို နားစွင့်နေရသည်ကလည်း အမော။ အမေ့မျက်နှာမှာ ပို၍ပို၍ ညှိုးလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ခပ်ဝေးဝေး ဂတ်တဲဆီမှ သံချောင်းတစ်ချက် ခေါက်သံသည် ပြတ်တောင်းတောင်းပေါ်လာ၏။ ဟုတ်သည်။ တစ်နာရီပင်ထိုးပေပြီ။ သား ယခုတိုင် ပြန်မလာသေး။

"အိပ်ရာကော ခင်းပြီးပြီလားမသိပါဘူး"

အမေက သားအတွက် တကြောင့်ကြကြနှင့် မီးခွက်ကိုယူ၍ သားအိမ်ခန်းထဲကို ဝင်သွားသည်။

"ကမ္ဘာကြီး ငြိမ်းချမ်းပါစေ"

သား၏ ဝိုင်းစက်စက်နှင့် လက်ရေးစားလုံးတန်းကို သားအခန်းတံခါးမှ ဝင်လျှင်ဝင်ချင်း တစ်ဖက်နံရံမှာ တွေ့ရသည်။ စားပွဲပေါ်မှာလည်း စာအုပ်တွေက ဖရိုဖရဲ၊ စာရွက်စာတမ်းတွေမှာလည်း ပွနေသည်။ ဒါတွေကြားထဲမှာမှ ဓာတ်ပုံမှန်ပေါင်ဒေါက်ကလေး၊ တစ်ဖက်က သားဖေဖေ၏ပုံ၊ တစ်ဖက်က သားပုံ။ အမေက အိပ်ရာခင်းကို ကြည့်လိုက်သည်။ ဓာတ်ပုံကို ကြည့်လိုက်ပြန်သည်။ မီးခွက်ကို စားပွဲပေါ်သို့ တင်လိုက်၏။ စာအုပ်ပုံကို ကြည့်လိုက်ပြန်ပါသည်။ အမေ့မျက်စိမှာ ကျီးကန်းတောင်းမှောက်သလို ဟိုကြည့် သည်ကြည့် ကြည့်နေရင်း မျက်ရည်ဝဲလာပါသည်။ အမေ ကြာရှည်စွာ ရပ်တည်မနေနိုင်တော့။

"သားရေ..."ဟုသာ အော်၍ငိုကာ သား၏ အိပ်ရာပေါ်သို့ မှောက်လျက်လှဲချလိုက်ပါသည်။ အမေကတော့ ချုပ်တည်း၍ငိုပါသေးသည်၊ မရပါ။ ရှိုက်၍ရှိုက်၍၊ အော်၍အော်၍ ငိုနေပါသည်။ အမေ၏ ရင်တွင်း သည်းကြားမှ ပေါက်ကွဲခြင်းဖြစ်သည်။

တကယ်တော့လည်း အမေ့သားအိမ်သို့ ဤကဲ့သို့ ပြန်မလာသည်မှာ နှစ်ရက်ရှိပါပြီ။ အမေကတော့ လာနိုးနှင့် မျှော်ဆဲပါ။ သို့သော် အမေ့ကိုတော့ သားက စွန့်ပစ်သွားချေပြီ။ အပြစ်ကင်းမဲ့၍ လိမ္မာသောသားကား... အမေကို ရက်စက်စွာ စွန့်ခွာသွားပေပြီ။ အမေမှာတော့ သည်လောကဌ် ထီးထီးကျန်ရစ်ခဲ့ပေပြီ။

အမေ့မှာ ရှိုက်၍ ငိုနေပါသည်။ သားကိုတော့ အပြစ်မယူရက်။ တကယ်တော့လည်း သားမှာအပြစ် မရှိပါ။ ဒါကြောင့် သားပြန်လာဦးမည် ထင်နေသေးသော အမေ။ မည်သို့ပင်ဖြစ်စေ သားမှာတော့ အပြစ်မရှိပါ။ သို့သော် သားပြန်လာဖို့ ဆိုသည်မှာတော့ မလွယ်လှ။ ဟုတ်သည် လွှမ်းမိုးခြင်းအောက်ဝယ် သားမှာ အလွှမ်းမိုး ခံလိုက်ရပါပြီ။

ဒါကိုလည်း အမေက သိပါ၏။

[ ၁၀ ]

အခမဲ့ ပညာသင်ကြားရေး။ သို့သော်ခက်ပါသည်။ အသိဉာဏ်မထည့်သေးသည်မို့ ပညာသင်ကြသည့်လူငယ်များ။ သူတို့အဖို့ အခက်အခဲဆိုသည်တွေမှာများလှသည်။ ဦးနှောက်နုနယ်သေးသူများမို့ ဒီပြဿနာ အခက်အခဲတွေကို သူတို့က ရင်ဆိုင်မရှင်းဝံ့ကြပါ။ ဒီတော့ သည်ပြဿနာတွေက လွတ်မြောက်ရေးကိုသာ ရှာကြတော့မည်။ သားကိုလည်း ဒီအတန်းအစားထဲမှာပဲ ထည့်ရမည်။ သားမှာ ငယ်သေးသည်။ ပညာသင်ရဦးမည်၊ သို့သော် ပညာသင်ကြားရေးအခက်အခဲ။ ဒါမှ မဟုတ်ကြေးစားအလုပ်သမား။ ဒါကတော့လည်း သားပတ်ဝန်းကျင်က သားကဲ့သို့သော လူငယ်တွေကို ကြည့်ပါဦး။ သားအနေနဲ့မှာလည်း ဉမမယ်၊ စာမမြောက်မှုသာ ရှိသေးသည်။ ဘာပဲဖြစ်ဖြစ် သားက လွတ်မြောက်ရေးကို ရှာတော့မည်။ ဒီပြဿနာ အခက်အခဲတွေ ကြားထဲမှာ သားပင်ပန်းကြီးစွာ ရုန်းကန်၍ မရနိုင်စွမ်းပါ။ ဒါပေမဲ့ အမေ...

"သားသဘောပေါ့ သားရယ်...။ သားမလုပ်ချင်လည်း ထွက်လိုက်ပေါ့။ အမေ တတ်နိုင်သလောက် လုပ်ကိုင်ကျွေးမယ်နော်..."

အမေကလည်း သားကို သနားနေသည်။ ဟုတ်သည်။ သား၏ အမူအရာကို ကြည့်ပါဦး။ ယခင်ကနှင့် မတူတော့။ သား၏ ခန္ဓာကိုယ်မှာ ကြုံလှီ၍ ဇော်တော်တော် ညစ်ထေးထေး ဖြစ်နေသည်။ မျက်တွင်းသားတွေမှာ ကျ၍ မျက်စိမှာလည်း မှုန်တေတေ ဖြစ်နေသည်။ မဖြီးသည်မှာကြာသော ဆံပင်တွေမှာလည်း ထောင်တချို့ လဲတစ်ဝက်နှင့် ကပိုကရို ဖြစ်နေကြပါသည်။ ဒီအဖြစ်မျိုးနှင့် သားက အလုပ်မှလွတ်မြောက်မှုကို တောင်းပန်နေပါသည်။ အမေကလည်း အမေ့သား၏ဖြစ်အင်ကို မကြည့်ရက်။

ဒါဖြင့် သားဘာလုပ်မလဲ...ကျောင်း...။ သားက သူ့အတွေးကို ဖြတ်တောက်ပစ်လိုက်သည်။ သည့်ထက်ပို၍လည်း မတတ်နိုင်။ သို့ဖြစ်လျှင်...

"အမေရေ... ခင်မောင်တို့ ပြန်လာကြပြီဗျာ..."

သားက ဖြစ်ပေါ်နေသောဟန်နှင့် ပြောဆိုနေသော

www.burmeseclassic.com

www.burmeseclassic.com



စကားရပ်ကို ပြောင်းလိုက်သည်။ သို့မှသာ... နို့မဟုတ်လျှင် အမေ ငိုမိတော့မည်။ ဟုတ်သည်။ တကယ်တော့လည်း သားစိတ်ချမ်းသာမှုကိုသာ ရှေးရှု၍ ပြောလိုက်ရသည်။ အမေ ဘာလုပ်မည်နည်း။ နောက်တစ်ချက်က သား၊ သားက သည်လိုစကားနှင့် ဟန်ကို ပြောင်းလိုက်မှသာလည်း သားလိုဘ ပြည့်တော့မည်။

"အင်း..."အမေက သားပြောသော စကားကို အံ့သြဟန်နှင့် အသိအမှတ်ပြုလိုက်သည်။ ခင်မောင် ... ခင်မောင်ကို အမေ သိပါသည်။ ဟုတ်သည် အမေက သားကို သိနေသေးသရွေ့ သားနှင့် ဆက်ဆံနေသော သား၏ သူငယ်ချင်းတွေကို သိရပါသည်။

ခင်မောင်... ခင်မောင့်အဖေမှာ နိုင်ငံရေးသမားဟု ပြောကြပါသည်။ သို့ကြောင့်ပင် ခင်မောင့်အဖေမှာ ပုဒ်မ-၅ ဆိုတာနှင့် မလွဲရှောင်သာဘဲ ထောင်ကျရတော့သည်။ ဤသည်၏နောက်ကွယ်၌ ရှစ်တန်းကျောင်းသား ခင်မောင်မှာ အခမဲ့ပညာရေး၏ အောက်မှ လွတ်မြောက်ရေးကို ယူသွားရပါတော့သည်။ ခင်မောင်အဖို့ သည့်ထက်လည်း မတတ်နိုင်။ စစ်သားခင်မောင်၊ သည့်နောက် သည့်နောက်တော့ ခင်မောင့်သူငယ်ချင်းတွေထဲက ခင်မောင့်လမ်းစဉ်ကို တချို့လိုက်ကြသည်။ သားပြောပြ၍ အမေသိရပါသည်။ ကျောင်း ခဏခဏပြေးသော စိန်ထွေးမှာလည်း ဆင်ဂနယ်ထဲ ရောက်သွားပြီး။ စာမေးပွဲ ခဏခဏ ရှုံးသော မြအေးသည်လည်း စစ်သားတစ်ယောက်ဖြစ်သွား၏။သည့်အပြင်လည်း အားကြီးရှိကြသည်။ တချို့မိဘတွေက သဘောမတူ၊ ဂတ်ကိုတိုင်၍ လိုက်ဖမ်းကြသည်။ အချည်းနှီး။ ဒါတွေကို ထားကြဦး။ ယခုတော့ ခင်မောင်မှာ စစ်သားတစ်ယောက် ဖြစ်လာပါသည်။ ထောင်ထဲကသူ့အဖေကတော့ ကြိမ်းလှသည်။ သူ့အမေကတော့ ကစ်လ ၂၀-၂၀ ပို့ပေးသော ငွေကိုကျေနပ်နေသည်။ ယခုတော့ ခင်မောင် ပြန်လာပြီ။

"အဲဒါ ခင်မောင်က သူတို့ တပ်ထဲကို ခေါ်နေတယ်အမေ" အမေ ထူပူသွားပါသည်။ အမေ အတော်ကလေး လန့်သွားသည်။ ဟုတ်မထင်ပါဘူးဟူ၍ပင် အမေ ထင်လိုက်သေးသည်။ သို့သော် တကယ်ဖြစ်နေပြန်ပါသည်။

စစ်-စစ်- လူတွေကိုအများကြီး သတ်ရသော စစ်ထဲဝင်ဖို့လမ်းကို သားက စလိုက်သည်။

* * *

ဟုတ်ပါသည်၊ လွန်ခဲ့သော လေးရက်ခန့်က အဖြစ်အပျက်တွေကို သည်လိုပဲ အမေက မှတ်မိနေသည်။ သားက စစ်ထဲလိုက်မည်ဆိုပဲ။ သို့ကြောင့်ပင် အလုပ်ထွက်စာရေးသားခဲ့ပါသည်။ အမေ ယခုမှပင် ရိပ်မိသည်။ အမေကတော့ သားပြောစဉ်က ခါးခါးသီးသီးငြင်းခဲ့သည်။ ဤစဉ်က သားမှာ အမေ့သားပီသစွာ အမေ့ဆန္ဒကို လိုက်လျောခဲ့ပါသည်။ ဟုတ်သယောင်ပင် ဖြစ်ခဲ့၏။

သို့သော် လွန်ခဲ့သော နှစ်ရက်မှာတော့ သားမရှိတော့ပါ။ အမေ့သားက သူထုတ်ရတဲ့ လခငွေတစ်ဝက် အမေ့ဆီပို့ခဲ့ပြီး၊ သား အမေ့မျက်မှောက်မှ ထွက်သွားပါပြီ။ အမေသိပါသည်။ သားက စစ်သားဘဝသို့ သွားချေပြီ။

အမေကတော့ ရှိုက်၍ရှိုက်၍ ငိုနေသည်။ သားကိုလည်းတမ်းတနေသည်။ စားပွဲပေါ်မှ မီးခွက်ကလည်း ရေနံဆီ လျော့သွားပြီ ထင်ပါသည်။ ယဲ့ယဲ့သာ လင်းနေသည်။ သားကတော့ အမေ့ကို စွန့်ပစ်သွားရက်သည်။ ပြီးတော့ စစ်သားတဲ့။ စစ်တဲ့။ ငြိမ်းငြိမ်းချမ်းချမ်း နေတတ်သော သားက စစ်တဲ့။ အမေက သည့်ထက်ပို၍ကြေကွဲမိသည်။ ကမ္ဘာကြီး ငြိမ်းချမ်းပါစေဆိုသော သားဖြစ်ခဲ့ဖူးသည့် အမေ့သားကား စစ်သားဘဝ ရောက်သွားချေပြီ။ တကယ်ကော့လည်း သားမှာ အပြစ်မရှိပါ။ သားမှာ အပြစ်ကင်းမဲ့လှချေသည်။ လိမ္မာသော အမေ့သားပါ။ သားမှာ အပြစ်ကင်းသည်သို့ အသိတရားတော့မှု တိမ်ပါသေးသည်။ သားတို့အရွယ်အဖို့ စိတ်မှာ မတည်ငြိမ်သေး၊ ဦးနှောက်နုသေး၍ ခက်ခဲလှသော ပြဿနာများကိုလည်း ရင်မဆိုင်ဝံ့။ ဟုတ်သည်။ လူငယ်ဘဝမှ လူကြီးပြောင်းစအရွယ် ပတ်ဝန်းကျင်အခြေအနေ...။

ပြီးတော့ခါမှ အစိုးရ၏ အခမဲ့ပညာရေးနဲ့ စစ်သားစုဆောင်းရေး...တဲ့။

အမေကတော့ ရှိုက်ရှိုက်၍ ငိုနေပါသည်။ စွန့်ပစ်သွားရက်သော အမေ့သားအတွက် တသသဖြစ်ကာ ငိုနေခြင်း ဖြစ်၏။ သို့သော် သားကိုတော့ အပြစ်မဆို၊ တကယ်တော့လည်း သားမှာအပြစ်မရှိပါ။ ငယ်သေးသော အမေ့၏သားပါ။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့...စစ်တဲ့...။ လူတွေအများကြီး သတ်သောစစ်၊ ဒါကိုသာ အမေမုန်းရပါပြီ။ စစ်ပွဲတွေ...စစ်ပွဲတွေ... ပြီးတော့.... စစ်ဖြစ်အောင်ဖန်တီးနေတဲ့ လူတွေ၊ ဒီလူတွေက လူတွေအများကြီးကို သတ်သည်။ အသိဉာဏ်နည်းသေးသူများအဖို့ ဒီစစ်တွေထဲရောက်သွားရသည်မှာထောင်ချောက်တွင်း ကျသည်သို့ ဖြစ်ရတော့ပြီ။

BURMESE CLASSIC .com

အမေကတော့ ငိုနေပါသည်။ ဤသို့သာ အမေ၏ဘဝကား ဆုံးပါးရတော့မည်။

❖

**အတွဲ–၆၊ အမှတ်–၆၄၊ ၁၉၅၂၊ စက်တင်ဘာ၊ ရှုမဝမဂ္ဂဇင်း**

www.burmeseclassic.com